# MIRA 2.0 Questionnaire – July 2026

**ကျွန်တော့်/ကျွန်မ အမည်မှာ [စစ်တမ်းကောက်သူ အမည်] ဖြစ်ပြီး [စစ်တမ်းကောက်သူ၏ အဖွဲ့အစည်းအမည်] လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းမှာ လုပ်ကိုင်နေသူ ဖြစ်ပါသည်။ ယခု ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက်ပိုင်း ဘေးဒဏ်သင့် လူထု၏ လိုအပ်ချက်များနှင့် အခြေအနေများကို ပိုမိုသိရှိ နားလည်နိုင်စေရန် [OCHA ဆန်းစစ်လေ့လာရေးအဖွဲ့] ကိုယ်စား မေးမြန်းဆောင်ရွက်နေခြင်း ဖြစ်ပါသည်။**
**ဤတွေ့ဆုံမေးမြန်းမှုသည် မိနစ် (၄၀) ခန့် ကြာမြင့်မည်ဖြစ်ပါသည်။ ဤမေးမြန်းမှုတွင် ပါဝင်ဖြေဆိုရန်မှာ လူကြီးမင်း၏ သဘောဆန္ဒအလျောက်သာ ဖြစ်ပါတယ်။ ယခုကဲ့သို့ အမြန်ဆန်းစစ်လေ့လာမှုမှ ရရှိလာမည့် အချက်အလက်များသည် ကျွန်တော်/ကျွန်မတို့၏ ကူညီထောက်ပံ့မှု လုပ်ငန်းစဉ်များကို ပိုမိုထိရောက်အောင် ကူညီပေးနိုင်မှာ ဖြစ်ပါသည်။ သို့သော်လည်း လူကြီးမင်း ပါဝင်ဖြေဆိုပေးမည့် အဖြေများသည် လူကြီးမင်းထံ သို့မဟုတ် အခြားတစ်ဦးဦးထံသို့ ရောက်ရှိလာမည့် ပံ့ပိုးကူညီမှုများအပေါ် တိုက်ရိုက် သက်ရောက်မှုရှိမည် မဟုတ်ပါ။ လူကြီးမင်း၏ အမည်နှင့် ကိုယ်ရေးအချက်အလက်များကိုလည်း ဤစစ်တမ်းတွင် မှတ်တမ်းတင်ထားမည် မဟုတ်ပါ။ ထပ်လောင်း ပြောကြားလိုသည်မှာ ဤစစ်တမ်းမေးမြန်းမှုတွင် ပါဝင်ဖြေဆိုခြင်းသည် လူကြီးမင်း၏ သဘောဆန္ဒအပေါ်တွင်သာ မူတည်ပါသည်။**
**ဤစစ်တမ်းမေးမြန်းမှုတွင် ပါဝင်ဖြေဆိုရန် သဘောတူပါသလား။**

- ○ သဘောတူပါသည်
- ○ သဘောမတူပါ

*ဖြေဆိုသူ သဘောတူမှသာလျှင် ဆက်လုပ်ပါ။.*

## မိတ်ဆက်

***အထွေထွေ လမ်းညွှန်ချက်များ***

- ဤစစ်တမ်းကောက်ယူခြင်းကို သတင်းအချက်အလက်များ ပေးနိုင်သော အဓိကပုဂ္ဂိုလ်များ (Key Informants) နှင့်သာ ပြုလုပ်ရပါမည်။ ထိုအဓိကပုဂ္ဂိုလ်များတွင် အမျိုးသမီးများအပါအဝင် ရပ်ရွာလူထု၏ အခြေအနေနှင့် လိုအပ်ချက်များကို ကောင်းမွန်စွာ နားလည်သဘောပေါက်ထားသော ရပ်ရွာခေါင်းဆောင်များကဲ့သို့သော ပုဂ္ဂိုလ်များ ပါဝင်ရပါမည်။ ဖြစ်နိုင်ပါက ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများကိုလည်း အဓိကပုဂ္ဂိုလ်များအဖြစ် ထည့်သွင်း မေးမြန်းရပါမည်။
- အဓိကပုဂ္ဂိုလ်များနှင့် မေးမြန်းမှုပြုလုပ်ရာတွင် ၎င်းတို့ ၏ သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်၊ စခန်း (သို့မဟုတ်) အခြေချနေထိုင်ရာနေရာ၏ အခြေအနေကိုသာ ရည်ညွှန်း၍ မေးမြန်းရပါမည်။ ထို့ပြင် ယင်းနေရာတွင် နေထိုင်သည့် အိမ်ထောင်စု အားလုံး သို့မဟုတ် အများစု၏ အခြေအနေများကို မေးမြန်းရပါမည်။
- အခြား သီးခြား ဖော်ပြထားခြင်း မရှိပါက ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက်ပိုင်း ဖြစ်ပေါ်လာသည့် အခြေအနေများကိုသာ မေးမြန်းပေးရပါမည်။ မေးခွန်းအများစုတွင် အခြေချ နေထိုင်ရာနေရာ၏ အခြေအနေအပေါ် ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကိုသာ ကျွန်ုပ်တို့ သိရှိလိုခြင်း ဖြစ်ပါသည်။
- အခြေချ နေထိုင်ရာနေရာရှိ လူဦးရေ အများစု၏ အခြေအနေနှင့် ပတ်သက်၍သာ မေးမြန်းရပါမည်။
- စေ့စပ် သေချာစွာမေးပါ - မေးခွန်းတိုင်းကို မေးမြန်းပြီး လိုအပ်ပါက ထပ်ခါတလဲလဲ မေးမြန်းရပါမည်။

- အဖြေ အများအပြား ရွေးချယ်နိုင်သော မေးခွန်းများအတွက် (အခြား သီးခြား ညွှန်ကြားထားခြင်း မရှိပါက) ဖြေဆိုသူများဘက်မှ မဖြေဆိုမချင်း ရွေးချယ်စရာ အဖြေများကို ကြိုတင် ဖတ်ပြခြင်းမှ ရှောင်ကြဉ်ရပါမည်။
- လူဦးရေ၏ အချိုးအစားကို မေးမြန်းသော မေးခွန်းများအတွက် သင့်တော်သလို အသေးစိတ် ထပ်ဆင့်မေးမြန်းပြီး အဖြေရရှိရန် အားပေးတိုက်တွန်းပါ။ ဖြေဆိုသူများ အနေဖြင့် မသေချာသေးပါက 'မသိပါ' ဟူသော အဖြေကို ရွေးချယ်ပေးရပါမည်။
- မိသားစုနှင့် ကွဲကွာနေသော သို့မဟုတ် မိဘအုပ်ထိန်းသူမပါသော ကလေးငယ်များကို တွေ့ရှိပါက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (MRCS) နှင့် ယူနီဆက်ဖ် (UNICEF) ထံသို့ အမြန်ဆုံး အကြောင်းကြား အချက်ပေးရပါမည်။
- ကျား၊ မ အခြေပြု အကြမ်းဖက်မှု (GBV)၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး (CP) နှင့် အကူအညီပေးရေးဝန်ထမ်းများမှ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် စော်ကားမှု (PSEA) ဆိုင်ရာ ဖြစ်ရပ်များကို ဖွင့်ဟ ပြောကြားလာခြင်း သို့မဟုတ် သတင်းပေးပို့လာခြင်းများ ရှိပါက ၎င်းတို့အား ညွှန်းဆို ပို့ဆောင်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာ အရေးပေါ်ဖုန်းလိုင်း (Referral hotlines) များကို အမြဲတစေ လက်ဝယ် ထားရှိရပါမည်။ ကွင်းဆင်း ဆောင်ရွက်ခြင်း မပြုမီ အဆိုပါ ဖွင့်ဟပြောကြားမှုမျိုး ကြုံတွေ့ရပါက 'လုပ်ဆောင်ရန်နှင့် မလုပ်ဆောင်ရန်အချက်များ' (Do's and Don'ts) ကို ဖတ်ရှု နားလည်ထားရပါမည်။

**သင်၏ Enumerator ID ကို ရေးပါ။**

---

**သင်၏ အဖွဲ့အစည်းအမည်ကို ဖော်ပြပါ။**

---

**သင်၏ ဖုန်းနံပါတ်ကို ရေးပါ။** *(မရေးချင်လည်း ရပါသည်)*

---

**IN 1 - ဤမေးမြန်းမှုကို မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်နေပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ○ အဝေးမှ မေးမြန်းမှု (ဖုန်းခေါ်ဆိုမှု / အင်တာနက်လိုင်းဖြင့်)
- ○ လူတွေ့ မေးမြန်းမှု

**IN 2 - ဖြေဆိုသူ အဓိက ပုဂ္ဂိုလ်၏ တာဝန်၊ ရာထူး (သို့မဟုတ်) အသက်မွေးဝမ်းကျောင်း အလုပ်ကိုင်ကို ဖော်ပြပါ။** *(အဖြေတစ်ခုသာ ရွေးပါ))*

- ○ လူထုခေါင်းဆောင် သို့မဟုတ် ရိုးရာဓလေ့အရ အာဏာပိုင်သူများ
- ○ ကျေးရွာ / ရပ်ကွက် / မြို့နယ် အုပ်ချုပ်ရေးမှူး
- ○ ရပ်ရွာလူထု ခေါင်းဆောင်
- ○ ဘာသာရေးခေါင်းဆောင်
- ○ စခန်းခေါင်းဆောင်
- ○ ဆရာ / ဆရာမ
- ○ အင်ဂျင်နီယာ
- ○ ကျန်းမာရေးဝန်ထမ်း
- ○ လူသားချင်းစာနာမှုဆိုင်ရာ ဝန်ထမ်း

- ဒေသခံအဖွဲ့အစည်း၏ ခေါင်းဆောင်
- အမျိုးသမီးဦးဆောင်သော အဖွဲ့အစည်း၏ ခေါင်းဆောင်
- ရပ်ရွာလူထု အဖွဲ့ဝင် / ဒေသခံ
- အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (IN 2.1) ____________________________________________________
- ရာထူး သို့မဟုတ် အသက်မွေးဝမ်းကျောင်းမှုကို မဖော်ပြလိုပါ

---

**IN 3 - ဖြေဆိုသူ အဓိက ပုဂ္ဂိုလ်၏ လိင်** *(အဖြေတစ်ခုသာ ရွေးပါ)*

- ကျား
- မ
- အခြား
- မဖြေဆိုလိုပါ

**IN 4 - ဖြေဆိုသူ အဓိက ပုဂ္ဂိုလ်၏ အသက်**

---

**IN 5 -ဖြေဆိုသူ အဓိက ပုဂ္ဂိုလ်၏ ဖုန်းနံပါတ်** *(မပေးချင်လည်း ရပါသည်)*

---

**IN 6 - ဖြေဆိုသူတင်ပြနေသည့် ပြည်နယ်/တိုင်းဒေသကြီး ကိုရွေးပါ။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ဧရာဝတီတိုင်းဒေသကြီး
- ပဲခူးတိုင်းဒေသကြီး (အရှေ့)
- ပဲခူးတိုင်းဒေသကြီး (အနောက်)
- ချင်းပြည်နယ်
- ကချင်ပြည်နယ်
- ကယားပြည်နယ်
- ကရင်ပြည်နယ်
- မကွေးတိုင်းဒေသကြီး
- မန္တလေးတိုင်းဒေသကြီး
- မွန်ပြည်နယ်
- နေပြည်တော်
- ရခိုင်ပြည်နယ်
- စစ်ကိုင်းတိုင်းဒေသကြီး
- ရှမ်းပြည်နယ် (အရှေ့)
- ရှမ်းပြည်နယ် (မြောက်)
- ရှမ်းပြည်နယ် (တောင်)
- တနင်္သာရီတိုင်းဒေသကြီး
- ရန်ကုန်တိုင်းဒေသကြီး

**IN 7 - ဖြေဆိုသူတင်ပြနေသည့် မြို့နယ်ကိုရေးပါ။**

---

**IN 8 - ဖြေဆိုသူ တင်ပြနေသည့် လူထုသည် ကျေးရွာအုပ်စု (သို့မဟုတ်) မြို့တစ်မြို့တွင် နေထိုင်ပါသလား။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ကျေးရွာအုပ်စု (ကျေးလက်)
- မြို့ (မြို့ပြ)

**IN 9 - မြို့ပြတွင်နေထိုင်သည်ဆိုလျှင် ဖြေဆိုသူသည် မည်သည့် မြို့အကြောင်းနှင့် ပတ်သတ်၍ တင်ပြနေခြင်း ဖြစ်ပါသလဲ။**

---

**IN 9.1 - မြို့ပြတွင်နေထိုင်သည်ဆိုလျှင် ဖြေဆိုသူသည် မည်သည့် ရပ်ကွက်အကြောင်းနှင့် ပတ်သတ်၍ တင်ပြနေခြင်း ဖြစ်ပါသလဲ။**

---

**IN 10 - ကျေးလက်တွင်နေထိုင်သည်ဆိုလျှင် ဖြေဆိုသူသည် မည်သည့် ကျေးရွာအုပ်စုအကြောင်းနှင့် ပတ်သက်၍ တင်ပြနေခြင်း ဖြစ်ပါသလဲ။**

---

**IN 10.1 - ကျေးလက်တွင်နေထိုင်သည်ဆိုလျှင် ဖြေဆိုသူသည် မည်သည့် ကျေးရွာအကြောင်းနှင့် ပတ်သက်၍ တင်ပြနေခြင်း ဖြစ်ပါ သလဲ။**

---

**IN 11 - ဤဖြေဆိုသူသည် မည်သည့် တည်နေရာ (သို့မဟုတ်) လူမှုအသိုင်းအဝန်း အမျိုးအစားနှင့် ပတ်သက်သည့် အချက်အလက်များကို ဖြေဆိုပေးနေခြင်း ဖြစ်ပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ကျေးရွာ / ရပ်ကွက်
- ယာယီ/အလိုအလျောက် ပေါ်ပေါက်လာသော နေရာ/စခန်း
- တရားဝင် စနစ်တကျ ဖွဲ့စည်းထားသော နေရာ/စခန်း
- အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (IN 11.1) ____________________________________________

---

**IN 11.2 - နေရပ်စွန့်ခွာရသူများ ခိုလှုံရာနေရာ ဖြစ်ပါက နေရာအမည်ကို ဖော်ပြပါ။**

______________________________________________________________________

**IN 11.3 နေရပ်စွန့်ခွာရသူများ ခိုလှုံရာနေရာ ဖြစ်ပါက၊ ဤစခန်းသည် MIMU မှ အသိအမှတ်ပြုထားသော စခန်း ဖြစ်ပါသလား (သို့မဟုတ်) အသိအမှတ်မပြုထားသော စခန်း ဖြစ်ပါသလား။** *(အဖြေတစ်ခုသာ ရွေးပါ)*

- အသိအမှတ်ပြုထားသောစခန်း (ပီ-ကုဒ် ရှိသည်)
- အသိအမှတ်ပြုထားသောစခန်း (ပီ-ကုဒ် မသိပါ)
- MIMU မှ အသိအမှတ်ပြုမထားသောစခန်း
- မသိပါ

**IN 12 - ကျရောက်ခဲ့သည့် ဘေးအန္တရာယ်အမျိုးအစားကို ရွေးပါ။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ရေကြီးခြင်း / ရေလွှမ်းမိုးခြင်း
- ဆိုင်ကလုန်းမုန်တိုင်း / လေပြင်းတိုက်ခတ်ခြင်း
- လျှပ်စီးကြောင်းလျှပ်ခြင်း
- ဆူနာမီဒီရေလှိုင်း
- ရောဂါကူးစက်ပြန့်ပွားခြင်း (ဥပမာ - ကာလဝမ်းရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ)
- တောမီးလောင်ခြင်း
- ပဋိပက္ခ သို့မဟုတ် မလုံခြုံမှုများ ပိုမိုပြင်းထန်လာခြင်း
- နေရပ်စွန့်ခွာရခြင်း / လူဦးရေ ရွှေ့ပြောင်းရွှေ့လျားခြင်း
- မြေပြိုခြင်း
- ဆိုးရွားပြင်းထန်သော ရာသီဥတု / အပူလှိုင်းဖြတ်ခြင်း / မိုးခေါင်ရေရှားခြင်း
- အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (IN 12.1) ______________________________________________

---

## Population estimates (လူဦးရေ ခန့်မှန်းချက်များ)

***ဖြေဆိုသူအား ဖတ်ပြပါ*** - ယခုအခါ ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော လူထုအတွင်း နေရပ်စွန့်ခွာရမှု အခြေအနေများနှင့် ပတ်သက်၍ မေးမြန်းမည် ဖြစ်ပါသည်။ အချို့သော မေးခွန်းများကို ခန့်မှန်းတွက်ချက်၍ ဖြေဆိုပေးရမည် ဖြစ်ပါသည်။ တိကျသော အဖြေကို မသိရှိပါကလည်း မိမိ တတ်နိုင်သမျှ အနီးစပ်ဆုံး ခန့်မှန်းချက်ကို ဖြေဆိုပေးနိုင်ပါသည်။ မသိရှိပါကလည်း လွတ်လပ်စွာ "မသိပါ" ဟု ပြောကြားနိုင်ပါသည်။

**PE 1 - ဘေးအန္တရာယ် မဖြစ်ပွားမီက ဤ ကျေးရွာ / ရပ်ကွက် / နေရာ တွင် လူဦးရေ မည်မျှ နေထိုင်ခဲ့ပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ၁၀ ဦးအောက်
- ၁၀ ဦးမှ ၁၀၀ ဦးအထိ
- ၁၀၁ ဦးမှ ၅၀၀ ဦးအထိ
- ၅၀၁ ဦးမှ ၁,၀၀၀ ဦးအထိ
- ၁,၀၀၁ ဦးမှ ၅,၀၀၀ ဦးအထိ
- ၅,၀၀၁ ဦးမှ ၁၀,၀၀၀ ဦးအထိ
- ၁၀,၀၀၀ ဦးအထက်
- မသိပါ / မဖြေဆိုလိုပါ

**PE 2 - ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် လက်ရှိ ဤ ကျေးရွာ / ရပ်ကွက် / နေရာ တွင် နေထိုင်နေသော လူဦးရေ စုစုပေါင်း မည်မျှ ရှိပါသလဲ။ (နေရပ်စွန့်ခွာရသူများ အပါအဝင်)** *(အဖြေတစ်ခုသာ ရွေးပါ)*

- ၁၀ ဦးအောက်
- ၁၀ ဦးမှ ၁၀၀ ဦးအထိ

- ၁၀၁ ဦးမှ ၅၀၀ ဦးအထိ
- ၅၀၁ ဦးမှ ၁,၀၀၀ ဦးအထိ
- ၁,၀၀၁ ဦးမှ ၅,၀၀၀ ဦးအထိ
- ၅,၀၀၁ ဦးမှ ၁၀,၀၀၀ ဦးအထိ
- ၁၀,၀၀၀ ဦးအထက်
- မသိပါ / မဖြေဆိုလိုပါ

**PE 3 - ဘေးအန္တရာယ်ကြောင့် ဤ ကျေးရွာ / ရပ်ကွက် / နေရာ မှ ထွက်ပြေးတိမ်းရှောင် သို့မဟုတ် စွန့်ခွာ ခဲ့ရသူများ (ယခုအချိန်အထိ နေရပ်မပြန်နိုင်သေးသူများ) ရှိပါသလား။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ရှိပါသည်။
- မရှိပါ။
- မသိပါ / မဖြေဆိုလိုပါ။

**PE 3.1 - ရှိပါက - သဘာဝဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် ကျေးရွာ/ရပ်ကွက်/စခန်းမှ လူဦးရေ မည်မျှခန့် ထွက်ခွာသွားသည်ကို ကျေးဇူးပြု၍ ဖော်ပြပေးပါ။ အတိအကျ မသိရှိပါက အနီးစပ်ဆုံး ခန့်မှန်းချက်ကို ဖော်ပြပေးပါ။ မသိရှိပါကလည်း မသိပါဟု လွတ်လပ်စွာ ဖြေဆိုနိုင်ပါသည်။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ၁၀ ဦးအောက်
- ၁၀ ဦးမှ ၁၀၀ ဦးအထိ
- ၁၀၁ ဦးမှ ၅၀၀ ဦးအထိ
- ၅၀၁ ဦးမှ ၁,၀၀၀ ဦးအထိ
- ၁,၀၀၁ ဦးမှ ၅,၀၀၀ ဦးအထိ
- ၅,၀၀၁ ဦးမှ ၁၀,၀၀၀ ဦးအထိ
- ၁၀,၀၀၀ ဦးအထက်
- မသိပါ / မဖြေဆိုလိုပါ

**PE 4 - ဘေးအန္တရာယ် မတိုင်မီက ဤ ကျေးရွာ / ရပ်ကွက် / နေရာ တွင် နေထိုင်ခဲ့သော်လည်း ယခုအခါ ဘေးအန္တရာယ်ကြောင့် မိမိတို့၏ မူလနေအိမ်များတွင် ဆက်လက် မနေထိုင်နိုင်တော့ဘဲ လူထုတစ်ခုတည်းအတွင်းတွင်ပင် ရွှေ့ပြောင်းနေထိုင်နေရသူများ ရှိပါသလား။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ရှိပါသည်
- မရှိပါ
- မသိပါ / မဖြေဆိုလိုပါ

**PE 4.1 - ရှိပါက - ဤ ကျေးရွာ / ရပ်ကွက် / နေရာ တွင် ဘေးအန္တရာယ်ကြောင့် မိမိတို့၏ မူလနေအိမ်များတွင် ဆက်လက် မနေထိုင်နိုင်တော့သူ ဦးရေ ခန့်မှန်းခြေ မည်မျှ ရှိပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ၁၀ ဦးအောက်

- ၁၀ ဦးမှ ၁၀၀ ဦးအထိ
- ၁၀၁ ဦးမှ ၅၀၀ ဦးအထိ
- ၅၀၁ ဦးမှ ၁,၀၀၀ ဦးအထိ
- ၁,၀၀၁ ဦးမှ ၅,၀၀၀ ဦးအထိ
- ၅,၀၀၁ ဦးမှ ၁၀,၀၀၀ ဦးအထိ
- ၁၀,၀၀၀ ဦးအထက်
- မသိပါ / မဖြေဆိုလိုပါ

**PE 5 - ယခု ဘေးအန္တရာယ်ကြောင့် အခြား ရပ်ရွာလူထု (သို့မဟုတ်) ဒေသများမှ ဤ ကျေးရွာ / ရပ်ကွက် / နေရာ သို့ ရောက်ရှိလာသည့် နေရပ်စွန့်ခွာရသူများ လက်ရှိအချိန်ထိ ရှိနေပါသလား။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ရှိပါသည်
- မရှိပါ
- မသိပါ / မဖြေဆိုလိုပါ

**PE 5.1 - ရှိပါက - ဤ ကျေးရွာ / ရပ်ကွက် / နေရာ တွင် ဘေးအန္တရာယ်ကြောင့် အခြားနေရာများမှ ရောက်ရှိလာသည့် နေရပ်စွန့်ခွာရသူ ဦးရေ ခန့်မှန်းခြေ မည်မျှ ရှိပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ၁၀ ဦးအောက်
- ၁၀ ဦးမှ ၁၀၀ ဦးအထိ
- ၁၀၁ ဦးမှ ၅၀၀ ဦးအထိ
- ၅၀၁ ဦးမှ ၁,၀၀၀ ဦးအထိ
- ၁,၀၀၁ ဦးမှ ၅,၀၀၀ ဦးအထိ
- ၅,၀၀၁ ဦးမှ ၁၀,၀၀၀ ဦးအထိ
- ၁၀,၀၀၀ ဦးအထက်
- မသိပါ / မဖြေဆိုလိုပါ

## » ထိခိုက်လွယ်သော အုပ်စုများ ရှိ/မရှိ

**PE 6 - လူထုအတွင်း အောက်ပါ လူအုပ်စုများ ရှိနေမှုကို ခန့်မှန်းတွက်ချက်ပေးပါ။**

| | မရှိပါ | ၁ ဦး မှ ၁၀ ဦးထိ | ၁၁ ဦးမှ ၅၀ ဦးအထိ | ၅၀ ဦးနှင့်အထက် | မသိပါ |
|---|---|---|---|---|---|
| PE 6.1 - ကိုယ်ခန္ဓာမပြည့်စုံမှု သို့မဟုတ် လုပ်ဆောင်နိုင်မှု ကန့်သတ်ချက် ရှိသူများ | ○ | ○ | ○ | ○ | ○ |
| PE 6.2 - မိသားစု အထောက်အပံ့ မရှိသော သက်ကြီးရွယ်အိုများ | ○ | ○ | ○ | ○ | ○ |
| PE 6.3 - ကျန်းမာရေး အခြေအနေ ပြင်းထန်သော လူနာများ | ○ | ○ | ○ | ○ | ○ |

| | မရှိပါ | ၁ ဦး မှ ၁၀ ဦးထိ | ၁၁ ဦးမှ ၅၀ ဦးအထိ | ၅၀ ဦးနှင့်အထက် | မသိပါ |
|---|---|---|---|---|---|
| PE 6.4 - ကိုယ်ဝန်ဆောင် (သို့မဟုတ်) နို့တိုက် မိခင်များ | ○ | ○ | ○ | ○ | ○ |
| PE 6.5 - မိဘမရှိသော်လည်း မိသားစုဝင်များနှင့် အတူနေထိုင်နေသော ကလေးများ | ○ | ○ | ○ | ○ | ○ |
| PE 6.6 - မိသားစုဝင်များ သို့မဟုတ် စောင့်ရှောက်သူ မည်သူမျှ မရှိသော ကလေးများ | ○ | ○ | ○ | ○ | ○ |

**PE 7 - လူဦးရေ/လူမှုအုပ်စု အပိုင်းနှင့်ပတ်သက်၍ ထပ်မံသတိပြုမိသော အချက်များ သို့မဟုတ် မှတ်ချက်များ ရှိပါသလား။ (ရေးသားဖော်ပြပါ)**

____________________________________________________________________________

____________________________________________________________________________

____________________________________________________________________________

## General impact of the disaster (ဘေးအန္တရာယ်၏ ယေဘုယျ သက်ရောက်မှု)

*ယခုအခါ ဘေးအန္တရာယ်ကြောင့် လူထုအပေါ်ဖြစ်ပေါ်စေသော ယေဘုယျ သက်ရောက်မှုများနှင့် ပတ်သက်၍ မေးမြန်းမည် ဖြစ်ပါသည်။*

**GD 1 - ဤ ကျေးရွာ / ရပ်ကွက် / နေရာ သည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ခဲ့ပါသလား။ ဟုတ်ပါက ထိခိုက်မှုအဆင့်သည် မည်မျှ ပြင်းထန်ပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ○ မရှိပါ / ထိခိုက်မှုမရှိပါ
- ○ အသင့်အတင့် ထိခိုက်မှုရှိသည်
- ○ ပြင်းထန်စွာ ထိခိုက်မှုရှိသည်
- ○ အလွန်ပြင်းထန်စွာ ထိခိုက်မှုရှိသည်
- ○ အဆိုးရွားဆုံးအဆင့် ထိခိုက်မှုရှိသည်
- ○ မသိပါ / မဖြေဆိုလိုပါ

**GD 2 - ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက်ပိုင်း ဤ ကျေးရွာ / ရပ်ကွက် / နေရာ တွင် အောက်ပါအချက်များအနက် တစ်စုံတစ်ရာ ဖြစ်ပွားခဲ့ကြောင်း သတင်းပေးပို့ချက် ရှိပါသလား။** *(သက်ဆိုင်ရာအားလုံးကို ရွေးပါ)*

- ☐ သေဆုံးသူများရှိကြောင်း သတင်းရရှိသည်

☐ ပြင်းထန်စွာ ဒဏ်ရာရသူများရှိသည်

☐ ပျောက်ဆုံးနေသူများရှိသည်

☐ ပိတ်မိနေသူများ / ရှာဖွေကယ်ဆယ်ရေး လိုအပ်နေသူများရှိသည်

☐ အထက်ပါအချက်များထဲမှ တစ်ခုမျှ မရှိပါ

☐ မသိပါ / မဖြေဆိုလိုပါ

**GD 3 - ယခု ဘေးအန္တရာယ်ကြောင့် ဤ ကျေးရွာ / ရပ်ကွက် / နေရာ ရှိ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု သို့မဟုတ် ပြိုပျက်မှု တစ်စုံတစ်ရာ ရှိပါသလား။ ရှိပါက မည်သည့် အခြေခံအဆောက်အအုံများ ဖြစ်ပါသလဲ။**

*(သက်ဆိုင်ရာအားလုံးကို ရွေးပါ)*

☐ ပျက်စီးသွားသော အခြေခံအဆောက်အအုံ မရှိပါ

☐ လျှပ်စစ်မီးဆိုင်ရာ အခြေခံအဆောက်အအုံ

☐ အခြား စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံ (ဥပမာ - ဂတ်စ်လိုင်း စသည်)

☐ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေခံအဆောက်အအုံ (ဥပမာ - ဆေးရုံ၊ ဆေးပေးခန်း စသည်)

☐ ရေပေးဝေရေးဆိုင်ရာ အခြေခံအဆောက်အအုံ

☐ မိလ္လာ သန့်ရှင်းရေးဆိုင်ရာ အခြေခံအဆောက်အအုံများ (ဥပမာ — အိမ်သာ၊ အမှိုက်စွန့်ပစ်စနစ်များ၊ မိလ္လာစနစ်များ စသည်)

☐ ဈေးများ

☐ စာသင်ကျောင်းများ

☐ လမ်းများ သို့မဟုတ် တံတားများ

☐ စက်မှု / လက်မှု လုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံ

☐ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ

☐ စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ (ဥပမာ - ရေလှောင်ကန်၊ ဆည်မြောင်း၊ တာတမံ၊ ရေသွင်းမြောင်း စသည်)

☐ အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (GD 3.1) ____________________________________________

☐ မသိပါ / မဖြေဆိုလိုပါ

---

**GD 4 - လက်ရှိတွင် ဤ ကျေးရွာ / ရပ်ကွက် / နေရာ ၌ မိုဘိုင်းလ်ဖုန်းလိုင်းကွန်ရက် မိပါသလား။** *(အဖြေတစ်ခုသာ ရွေးပါ)*

○ ဟုတ်ပါသည်၊ ဖုန်းနှင့် အင်တာနက် နှစ်မျိုးလုံးကို များသောအားဖြင့် အသုံးပြုနိုင်ပါသည်

○ ဖုန်းခေါ်ဆိုမှု ပြုလုပ်နိုင်သော်လည်း အင်တာနက် မရရှိပါ

○ အင်တာနက်လိုင်း ရရှိသော်လည်း ဖုန်းခေါ်ဆိုမှု မရပါ

○ အချို့သော အချိန်များတွင်သာ ဖုန်း/အင်တာနက် လိုင်း ရရှိနိုင်ပါသည်

○ ဖုန်း သို့မဟုတ် အင်တာနက် လိုင်း လုံးဝ မရရှိပါ

○ မသိပါ / မဖြေဆိုလိုပါ

**GD 5 - လက်ရှိတွင် ဤ ကျေးရွာ / ရပ်ကွက် / နေရာ ၌ လျှပ်စစ်မီးကို တစ်ရက်လျှင် (၈) နာရီနှင့်အထက် ပြတ်တောက်မှုမရှိဘဲ လုံလောက်စွာ ရရှိပါသလား။** *(အဖြေတစ်ခုသာ ရွေးပါ)*

- လုံးဝ မရရှိနိုင်ပါ
- လူနည်းစုသာ ရရှိနိုင်ပါသည်
- လူဦးရေ၏ ထက်ဝက်ခန့်သာ ရရှိနိုင်ပါသည်
- လူဦးရေအများစု ရရှိနိုင်ပါသည်
- လူတိုင်း ရရှိနိုင်ပါသည်
- မသိပါ / မဖြေဆိုလိုပါ

## Priority needs (ဦးစားပေး လိုအပ်ချက်များ)

**PN 1 - ဤ ကျေးရွာ / ရပ်ကွက် / နေရာ ရှိ လူထုအတွက် လက်ရှိ အရေးတကြီး လိုအပ်နေပြီး မဖြည့်ဆည်းပေးနိုင်သေးသည့် လိုအပ်ချက်များမှာ မည်သည့်အရာများ ဖြစ်ပါသလဲ။**

*အရေးတကြီး လိုအပ်နေပြီး ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးသည့် အဓိက အချက် (၃) ခုကို ရွေးချယ်ပါ။*

☐ ရှာဖွေကယ်ဆယ်ရေး
☐ အမိုးအကာ/နေအိမ် ပံ့ပိုးကူညီမှု
☐ အမိုးအကာ/နေအိမ် ပြုပြင်မွမ်းမံရေးပစ္စည်းများ
☐ စားနပ်ရိက္ခာ
☐ သောက်သုံးရေ
☐ မိလ္လာ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ပံ့ပိုးကူညီမှု
☐ ကျန်းမာရေးစောင့်ရှောက်မှုများ
☐ အာဟာရဆိုင်ရာ ပံ့ပိုးကူညီမှု
☐ ကာကွယ်စောင့်ရှောက်ရေး၊ ဘေးကင်းလုံခြုံရေးနှင့် လူ့သိက္ခာဆိုင်ရာ ပံ့ပိုးကူညီမှု
☐ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု
☐ အသက်မွေးဝမ်းကျောင်းမှု သို့မဟုတ် ဝင်ငွေရလမ်းဆိုင်ရာ ပံ့ပိုးကူညီမှု
☐ အခြေခံအိမ်သုံးပစ္စည်းများ (ဥပမာ - အိပ်ရာခင်း၊ စောင်၊ မီးဖိုချောင်သုံးပစ္စည်း၊ မီးလင်းရန်ပစ္စည်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုပစ္စည်းများ)
☐ ပညာရေး
☐ အပျက်အစီးများ ဖယ်ရှားခြင်း
☐ ဆက်သွယ်ရေးလိုင်း ရရှိမှု (ဥပမာ - ဖုန်း သို့မဟုတ် အင်တာနက်လိုင်း)
☐ ဥပဒေရေးရာ ဝန်ဆောင်မှုများ သို့မဟုတ် နိုင်ငံသားစိစစ်ရေး စာရွက်စာတမ်းများ
☐ စိုက်ပျိုးရေးသုံး ကိရိယာများနှင့်/သို့မဟုတ် မျိုးစေ့များ
☐ အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (PN 1.1) ____________________________________________
☐ ဤနေရာတွင် ဖြည့်ဆည်းပေးရန် လိုအပ်နေသည့် လိုအပ်ချက် မရှိပါ
☐ မသိပါ / မဖြေဆိုလိုပါ

## Shelter (အမိုးအကာ / နေအိမ်)

*ယခုအခါ အမိုးအကာ/နေအိမ် အခြေအနေများနှင့် ပတ်သက်၍ မေးမြန်းသွားမည် ဖြစ်ပါသည်။*

**ST 1 - ဘေးအန္တရာယ်ကြောင့် ဤ ကျေးရွာ / ရပ်ကွက် / နေရာ ရှိ အဆောက်အအုံများ၏ အလုံးစုံ ပျက်စီးဆုံးရှုံးမှု သို့မဟုတ် ပြိုပျက်မှု အဆင့်အတန်း မည်မျှထိရှိပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ○ ပျက်စီးမှု မရှိပါ (သို့မဟုတ်) ပျက်စီးမှု မရှိစလောက် နီးပါး
- ○ အသင့်အတင့် ပျက်စီးမှုရှိသည် - အဆောက်အအုံ အနည်းငယ် ပျက်စီးခြင်း သို့မဟုတ် အသုံးပြု၍မရခြင်း
- ○ ပြင်းထန်စွာ ပျက်စီးမှုရှိသည် - အဆောက်အအုံ အများအပြား ပျက်စီးခြင်း သို့မဟုတ် အသုံးပြု၍မရခြင်း
- ○ အဆိုးရွားဆုံးအဆင့် ပျက်စီးမှုရှိသည် - အဆောက်အအုံ အများစု ပျက်စီးခြင်း သို့မဟုတ် အသုံးပြု၍မရခြင်း
- ○ မသိပါ / မဖြေဆိုလိုပါ

**ST 2 - လက်ရှိတွင် ဤ ကျေးရွာ / ရပ်ကွက် / နေရာ ရှိ လူထု ကြုံတွေ့နေရသော အမိုးအကာ/နေအိမ်ဆိုင်ရာ အခက်အခဲများမှာ မည်သည့်အရာများ ဖြစ်ပါသလဲ။** *(သက်ဆိုင်ရာအားလုံးကို ရွေးပါ)*

- ☐ လူများသည် ပြင်းထန်စွာ ပျက်စီးနေသော သို့မဟုတ် ဘေးကင်းလုံခြုံမှုမရှိသော အမိုးအကာ/နေအိမ်များတွင် နေထိုင်နေကြရပါသည်
- ☐ လူများသည် အပြင်ဘက် မြေကွက်လပ်/လေဟာပြင်တွင် အိပ်စက်နေကြရပါသည်
- ☐ လူများသည် ယာယီတဲအိမ်များတွင် နေထိုင်နေကြရပါသည်
- ☐ လူများသည် တဲရှင်များတွင် နေထိုင်နေကြရပါသည်
- ☐ လူများသည် စုပေါင်းခိုလှုံရာနေရာများတွင် နေထိုင်နေကြရပါသည် / လူထုသည် စာသင်ကျောင်း သို့မဟုတ် လူထုအခြေပြု အဆောက်အအုံများကဲ့သို့သော အများပြည်သူဆိုင်ရာ အဆောက်အအုံများတွင် ခိုလှုံနေကြရပါသည်
- ☐ လူထုသည် ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း သို့မဟုတ် ဗလီကျောင်းများတွင် ခိုလှုံနေကြရပါသည်
- ☐ အထက်ပါအချက်များထဲမှ တစ်ခုမျှ မဟုတ်ပါ
- ☐ အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (ST 2.1) ____________________
- ☐ မသိပါ / မဖြေဆိုလိုပါ

---

**ST 3 - လက်ရှိတွင် ဤ ကျေးရွာ / ရပ်ကွက် / နေရာ ၌ အမိုးအကာ/နေအိမ် လုံလောက်မှုမရှိဘဲ နေထိုင်နေရသူ ဦးရေ ခန့်မှန်းခြေ မည်မျှ ရှိပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ) တိကျသော အဖြေကို မသိရှိပါကလည်း မိမိ တတ်နိုင်သမျှ အနီးစပ်ဆုံး ခန့်မှန်းချက်ကို ဖြေဆိုပေးပါ။ မသိရှိပါကလည်း လွတ်လပ်စွာ ပြောကြားနိုင်ပါသည်။*

- ○ ၁၀ ဦးအောက်
- ○ ၁၀ ဦးမှ ၅၀ ဦးအထိ
- ○ ၅၁ ဦးမှ ၁၀၀ ဦးအထိ
- ○ ၁၀၁ ဦးမှ ၅၀၀ ဦးအထိ
- ○ ၅၀၁ ဦးမှ ၁,၀၀၀ ဦးအထိ
- ○ ၁,၀၀၁ ဦးမှ ၅,၀၀၀ ဦးအထိ

- ၅,၀၀၀ ဦးအထက်
- မသိပါ / မဖြေဆိုလိုပါ

**ST 4 - လက်ရှိတွင် ဤ **ကျေးရွာ / ရပ်ကွက် / နေရာ** ၌ နေထိုင်ရန် လုံလောက်သော အမိုးအကာ/နေအိမ် မရှိသဖြင့် အပြင်ဘက် မြေကွက်လပ်/လေဟာပြင်တွင် အိပ်စက်နားနေရသူ ဦးရေ ခန့်မှန်းခြေ မည်မျှ ရှိပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ)*

*တိကျသော အဖြေကို မသိရှိပါကလည်း မိမိ တတ်နိုင်သမျှ အနီးစပ်ဆုံး ခန့်မှန်းချက်ကို ဖြေဆိုပေးပါ။ မသိရှိပါကလည်း လွတ်လပ်စွာ ပြောကြားနိုင်ပါသည်။*

- ၁၀ ဦးအောက်
- ၁၀ ဦးမှ ၅၀ ဦးအထိ
- ၅၁ ဦးမှ ၁၀၀ ဦးအထိ
- ၁၀၁ ဦးမှ ၅၀၀ ဦးအထိ
- ၅၀၁ ဦးမှ ၁,၀၀၀ ဦးအထိ
- ၁,၀၀၁ ဦးမှ ၅,၀၀၀ ဦးအထိ
- ၅,၀၀၀ ဦးအထက်
- မသိပါ / မဖြေဆိုလိုပါ

**ST 5 - ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် ဤ ကျေးရွာ / ရပ်ကွက် / နေရာ ရှိ လက်ရှိ လူဦးရေအတွက် အမိုးအကာ/နေအိမ် ဆိုင်ရာ အဓိက ပြဿနာများမှာ မည်သည့်အရာများ ဖြစ်ပါသလဲ။** *(သက်ဆိုင်ရာအားလုံးကို ရွေးပါ)*

*စစ်တမ်းကောက်ယူနေသော ဒေသရှိ လူဦးရေအများစုအပေါ် သက်ရောက်နေသည့် အခက်အခဲ/ပြဿနာများကိုသာ ထည့်သွင်းစဉ်းစားပေးပါ။*

- ☐ ပြဿနာ မရှိပါ
- ☐ အမိုးအကာ/နေအိမ်များ လုံးဝ ပြိုပျက်ပျက်စီးသွားပါသည်
- ☐ အမိုးအကာ/နေအိမ်များ တစ်စိတ်တစ်ပိုင်း ပျက်စီးခြင်း သို့မဟုတ် နေထိုင်ရန် ဘေးကင်းလုံခြုံမှုမရှိခြင်း - တံခါး/ပြတင်းပေါက်များ မရှိခြင်း သို့မဟုတ် ပျက်စီးခြင်း၊ နံရံ သို့မဟုတ် အမိုးများ အက်ကွဲ/ပေါက်ပြဲခြင်း စသည်
- ☐ အမိုးအကာ/နေအိမ်များတွင် နေထိုင်သူဦးရေ အလွန် ပြည့်ကျပ် နေပါသည်
- ☐ အမိုးအကာ/နေအိမ်များတွင် အခြေခံ အသုံးအဆောင်များ (ရေ၊ လျှပ်စစ်မီး၊ ဂတ်စ်) မရရှိပါ
- ☐ အမိုးအကာ/နေအိမ်များသည် အအေးဒဏ် သို့မဟုတ် အပူဒဏ်ကို မကာကွယ်နိုင်ပါ
- ☐ အမိုးအကာ/နေအိမ်များတွင် လုံလောက်သော သီးသန့်နေထိုင်ခွင့် (Privacy) မရှိပါ
- ☐ အမိုးအကာ/အိမ် ငှားရမ်းခများကို မတတ်နိုင်ကြပါ
- ☐ မြေပိုင်ဆိုင်မှုဆိုင်ရာ ပြဿနာများ ရှိနေပါသည်
- ☐ အနီးဝန်းကျင်တွင် ပဋိပက္ခများကြောင့် အမိုးအကာ/နေအိမ်များ ဘေးကင်းလုံခြုံမှုမရှိပါ
- ☐ လူများသည် နေရပ်မှ ဖယ်ရှားခံရမည့် ခြိမ်းခြောက်မှု ခံနေရပါသည် သို့မဟုတ် ဖယ်ရှားခံရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်
- ☐ အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (ST 5.1) ____________________________________________

☐ မသိပါ / မဖြေဆိုလိုပါ

---

**ST 6 - ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် အမိုးအကာ/နေအိမ် ဆိုင်ရာ ပံ့ပိုးကူညီမှုများ လိုအပ်ပါသလား။ လိုအပ်ပါက မည်သည့်အမျိုးအစား ဖြစ်ပါသလဲ။** *(သက်ဆိုင်ရာအားလုံးကို ရွေးပါ)*

☐ တဲရှင် သို့မဟုတ် မိုးကာဖျင်ကဲ့သို့သော အရေးပေါ် အမိုးအကာများ

☐ ယာယီ သို့မဟုတ် ကူးပြောင်းကာလ အမိုးအကာများ

☐ အမိုးအကာ/နေအိမ် ပြုပြင်မွမ်းမံရန် သို့မဟုတ် အိမ်ငှါးရမ်းခ ပေးချေနိုင်ရန်အတွက် လက်ငင်းငွေသား သို့မဟုတ် ဘောက်ချာ

☐ အမိုးအကာ/နေအိမ် ပြုပြင်မွမ်းမံရေး ပစ္စည်းများ

☐ အမိုးအကာ/နေအိမ်သုံး ပစ္စည်းများ - ပလတ်စတစ်၊ ပြတင်းပေါက်များ၊ OSB အထပ်သားပြားများ စသည်

☐ အမိုးအကာ/နေအိမ် ဘေးကင်းလုံခြုံအောင် ပြုပြင်မွမ်းမံနိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု

☐ စုပေါင်းခိုလှုံရာနေရာများအတွက် ပံ့ပိုးကူညီမှု

☐ အမိုးအကာ/နေအိမ်ဆိုင်ရာ ပံ့ပိုးကူညီမှု မလိုအပ်ပါ

☐ အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (ST 6.1) ________________________________________________

---

**ST 7 - ဖယ်ရှားရန် သို့မဟုတ် စီမံခန့်ခွဲရန် လိုအပ်သည့် အဆောက်အအုံ အပျက်အစီးများနှင့် အမှိုက်သရိုက်များကို မြင်တွေ့ရပါသလား။** *(အဖြေတစ်ခုသာ ရွေးပါ)*

- တွေ့ရပါသည်။
- မတွေ့ရပါ။
- မသိပါ / မဖြေဆိုလိုပါ။

**ST 8 - အမိုးအကာ သို့မဟုတ် စုပေါင်းခိုလှုံရာနေရာများနှင့် ပတ်သက်၍ ထပ်မံ ဖြည့်စွက်လိုသော မှတ်ချက်များ သို့မဟုတ် အကြံပြုချက်များရှိပါက ဖော်ပြပေးပါ။**

________________________________________________

________________________________________________

________________________________________________

---

## Situation in sites (ခိုလှုံရာနေရာများ၏ အခြေအနေ)

**ST 9 - ဤခိုလှုံရာနေရာ/စခန်းတွင် စခန်းစီမံခန့်ခွဲမှုစနစ် ရှိပါသလား။ ရှိပါက ဤနေရာ/စခန်းကို အဓိက မည်သူက စီမံခန့်ခွဲနေပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ)*

- ခိုလှုံရာနေရာ/စခန်းစီမံခန့်ခွဲမှုစနစ် မရှိပါ

- ရပ်ရွာလူထု သို့မဟုတ် နေရပ်စွန့်ခွာရသူများ၏ ကိုယ်စားလှယ်များ
- လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်း
- ဘာသာရေး အဖွဲ့အစည်း
- ဒေသခံ အာဏာပိုင်များ / အုပ်ချုပ်ရေးအဖွဲ့များ
- အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (ST 9.1) ____________________________________________
- မသိပါ / မဖြေဆိုလိုပါ

---

**ST 10 - ဤခိုလှုံရာနေရာ/စခန်းရှိ နေရပ်စွန့်ခွာရသူများ ကြုံတွေ့နေရသော အဓိက စိန်ခေါ်မှုများ သို့မဟုတ် အခက်အခဲများမှာ မည်သည့်အရာများ ဖြစ်ပါသလဲ။** *(သက်ဆိုင်ရာအားလုံးကို ရွေးပါ)*

☐ ကြီးမားသော စိန်ခေါ်မှုများ မရှိပါ
☐ အမိုးအကာ/နေအိမ် သို့မဟုတ် အိပ်စက်ရန် နေရာ လုံလောက်မှု မရှိပါ
☐ အမိုးအကာ/နေအိမ်များ ပျက်စီးနေသဖြင့် ပြုပြင်မွမ်းမံရန် လိုအပ်နေပါသည်
☐ အမိုးအကာ/နေအိမ်များအတွင်း သီးသန့်နေထိုင်ခွင့် (Privacy) သို့မဟုတ် လုံခြုံမှု မရှိပါ
☐ ချက်ပြုတ်ရန်၊ ရေချိုးရန် သို့မဟုတ် အိမ်သာစသည့် အဆောက်အအုံများ မရှိပါ
☐ ရေ၊ အလင်းရောင်ရရန် သို့မဟုတ် အနွေးဓာတ်ပေးရန်စသည့် အခြေခံဝန်ဆောင်မှုများ မရှိပါ
☐ စားနပ်ရိက္ခာ မလုံလောက်ပါ
☐ ခိုလှုံရာနေရာ/စခန်း စီမံခန့်ခွဲမှု သို့မဟုတ် အကြံပြုချက်များ ပေးပို့နိုင်သည့် နည်းလမ်းများ မရှိပါ
☐ ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ သို့မဟုတ် သွားလာလှုပ်ရှားမှု ကန့်သတ်ချက်များ ရှိပါသည်
☐ လူများကို ရေရှည် ခိုလှုံနေထိုင်ခွင့် မပြုပါ
☐ လူများသည် နေရပ်ပြန်ရန် တွန့်ဆုတ်ကြောက်ရွံ့နေကြပါသည် သို့မဟုတ် နေရပ်မပြန်နိုင်ကြပါ
☐ ရွေ့လျားသွားလာရ ခက်ခဲသူများအတွက် သွားလာလှုပ်ရှားရန် အတားအဆီးများ ရှိနေပါသည်
☐ ကျန်းမာရေးစောင့်ရှောက်မှု လုံးဝမရရှိပါ (သို့မဟုတ်) အကန့်အသတ်ဖြင့်သာ ရရှိပါသည်
☐ ပညာသင်ကြားခွင့် လုံးဝမရရှိပါ (သို့မဟုတ်) အကန့်အသတ်ဖြင့်သာ ရရှိပါသည်
☐ အသက်မွေးဝမ်းကျောင်းမှု/အလုပ်အကိုင် အခွင့်အလမ်းများ လုံးဝမရှိပါ (သို့မဟုတ်) အကန့်အသတ်ဖြင့်သာ ရရှိပါသည်
☐ ဈေးများသည် အလွန်ဝေးလံလွန်းပါသည် သို့မဟုတ် သွားရောက်ရန် ခက်ခဲပါသည်
☐ လူများသည် နေရပ်မှ ဖယ်ရှားခံရမည့် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေပါသည် သို့မဟုတ် ဖယ်ရှားခံရမည့် အန္တရာယ် ရှိနေပါသည်
☐ အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (ST 10.1) ____________________________________________
☐ မသိပါ / မဖြေဆိုလိုပါ

---

**ST 11 - ရွေ့လျားသွားလာရန် ခက်ခဲသူများ သွားလာလှုပ်ရှားရာတွင် ရင်ဆိုင်ကြုံတွေ့နေရသော အတားအဆီးများမှာ မည်သည့်အရာများ ဖြစ်ပါသလဲ။** *(သက်ဆိုင်ရာအားလုံးကို ရွေးပါ)*

☐ လှေကားစောင်းလမ်းများ (Ramps) သို့မဟုတ် လက်ရန်းများ မရှိပါ
☐ ဝှီးချဲ၊ ချိုင်းထောက် သို့မဟုတ် တုတ်ကောက် ကဲ့သို့သော သွားလာရေး အထောက်အကူပြု ပစ္စည်းများ မရှိပါ

☐ အိမ်သာ သို့မဟုတ် ရေချိုးခန်း ရှိရာနေရာများကို သွားလာ၍ မရပါ

☐ ရေရရှိသည့်နေရာ၊ မီးဖိုချောင် သို့မဟုတ် အခြား အရေးပါသော အဆောင်နေရာများမှာ အလွန်ဝေးလံလွန်းပါသည်

☐ မညီညာသော၊ ရွှံ့ထူသော သို့မဟုတ် မတ်စောက်သော မြေမျက်နှာပြင်များကြောင့် သွားလာလှုပ်ရှားရန် ခက်ခဲပါသည်

☐ အမိုးအကာ/နေအိမ်များ၏ နေရာအကျယ်အဝန်း သို့မဟုတ် ဖွဲ့စည်းပုံမှာ အသုံးပြုရန် အဆင်မပြေပါ

☐ ပစ္စည်းဝေငှခြင်း သို့မဟုတ် ဝန်ဆောင်မှုများပေးစဉ်အတွင်း ဦးစားပေး ရယူခွင့်မရှိပါ

☐ ဝန်ဆောင်မှုများ ရယူနိုင်ရန်အတွက် အဆင်ပြေသော သယ်ယူပို့ဆောင်ရေးယာဉ် မရှိပါ

☐ သတင်းအချက်အလက်များ ကြားသိနိုင်ခွင့် နည်းလမ်းများ မရှိပါ

☐ အတားအဆီးများ မရှိပါ / မသန်စွမ်းသူများ မရှိပါ

☐ အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (ST 11.1) ____________________________________________

☐ မသိပါ / မဖြေဆိုလိုပါ

---

## Non-Food Items (အစားအသောက်မဟုတ်သော လူသုံးကုန်ပစ္စည်းများ)

**NI 1 - ကျွန်ုပ်သည် လူသုံးကုန်ပစ္စည်း စာရင်းတစ်ခုကို ဖတ်ပြပါမည်။ လူဦးရေ အများစုအနေဖြင့် ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် လုံလောက်သော ပမာဏကို ရယူသုံးစွဲနိုင်ခြင်း မရှိသည့် ပစ္စည်းအားလုံးကို ပြောကြားပေးပါ။**

ဤနေရာတွင် 'ရယူသုံးစွဲနိုင်ခြင်း မရှိခြင်း' ဆိုသည်မှာ လူဦးရေအများစုအနေဖြင့် သက်ဆိုင်ရာပစ္စည်းကို လုံလောက်သော ပမာဏအထိ သုံးစွဲခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် ရရှိနိုင်ခြင်း မရှိခြင်းကို ဆိုလိုပါသည်။ ၎င်းသည် ပစ္စည်းပြတ်လပ်ခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်း၊ ဆိုင်များနှင့် ဝေးလံခြင်း သို့မဟုတ် ဆိုင်များနှင့် ပစ္စည်းဝေငှရေးနေရာများသို့ ကိုယ်တိုင်သွားရောက်ရယူရန် ခက်ခဲခြင်း စသည့် အကြောင်းရင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်ပါသည်။

*(သက်ဆိုင်ရာအားလုံးကို ရွေးပါ)*

☐ အိပ်ရာ အသုံးအဆောင်များ (စောင်၊ မွေ့ရာ၊ အိပ်ရာခင်းများ)

☐ အဝတ်အထည်၊ ဖိနပ်

☐ ချက်ပြုတ်ရေး / မီးဖိုချောင်သုံးပစ္စည်းများ

☐ မိုးကာအင်္ကျီ/မိုးကာပစ္စည်းများ

☐ အလင်းရောင်ပေးနိုင်သော ပစ္စည်းများ / ဆိုလာမီးအိမ်များ

☐ သန့်ရှင်းရေးသုံးပစ္စည်းများ (ဆပ်ပြာရည်၊ သန့်ရှင်းရေးဘရပ်ရှ်များ၊ စပွန့်/ရေမြှုပ်များ စသည်)

☐ ရေချိုးဆပ်ပြာ

☐ အဝတ်လျှော် ဆပ်ပြာမှုန့်

☐ အမျိုးသမီးလစဉ်သုံး ပစ္စည်းများ

☐ ဒိုင်ပါများ

☐ ရေပုံးများ

☐ ချက်ပြုတ်ရန် သို့မဟုတ် အနွေးဓာတ်ပေးရန် လောင်စာ

☐ ခြင်ထောင်များ

☐ မိုးကာဖျင်၊ ပလတ်စတစ်စ သို့မဟုတ် ကြိုးများကဲ့သို့သော အရေးပေါ် အမိုးအကာပစ္စည်းများ

☐ ရေသိုလှောင် ပုံး/ဘူးများ

☐ အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (NI 1.1) ____________________________________________

☐ လူသုံးကုန်ပစ္စည်းများ ရယူရန် အတားအဆီး မရှိပါ

☐ မသိပါ / မဖြေဆိုလိုပါ

---

## Water and sanitation (ရေနှင့် မိလ္လာစနစ်)

**WS 1 - ဘေးအန္တရာယ် မဖြစ်ပွားမီက ဤ ကျေးရွာ / ရပ်ကွက် / နေရာ ရှိ လူထုများသည် သောက်ရေအတွက် မည်သည့် ရေအရင်းအမြစ်ကို အများဆုံး အသုံးပြုခဲ့ပါသလဲ။** *(အဖြေ ၃ ခုထိ ရွေးပါ)*

☐ နေအိမ် (သို့မဟုတ် အိမ်နီးနားချင်းအိမ်) တိုက်ရိုက်သွယ်တန်းထားသော ရေပိုက်လိုင်း

☐ အများသုံး ရေပိုက်ခေါင်း

☐ ပျက်စီးနေသော အများသုံး ရေပိုက်ခေါင်း

☐ လက်နှိပ်တုံကင်များ / စက်ရေတွင်းများ

☐ အကာအကွယ်ပါသော ရေတွင်း

☐ အကာအကွယ်မပါသော ရေတွင်း

☐ အကာအကွယ်ပါသော စမ်းရေတွင်း

☐ အကာအကွယ်မပါသော စမ်းရေတွင်း

☐ ရေသန့်ဘူး၊ ရေသန့်ထုပ်များ

☐ မြေပေါ် ရေအရင်းအမြစ် (အိုင်၊ ကန်၊ ဆည်၊ မြစ်)

☐ မိုးရေခံယူခြင်း

☐ ရေသယ်ယာဉ်/ကားများ

☐ အခြား အရင်းအမြစ်များ

☐ မသိပါ / မဖြေဆိုလိုပါ

*အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (WS 1.1)* ____________________________________________

---

**WS 2 - ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက်ပိုင်း ဤ ကျေးရွာ / ရပ်ကွက် / နေရာ ရှိ လူထုများသည် သောက်ရေအတွက် မည်သည့် ရေအရင်းအမြစ်ကို အများဆုံး အသုံးပြုပါသလဲ။** *(အဖြေ ၃ ခုထိ ရွေးပါ)*

☐ နေအိမ် (သို့မဟုတ် အိမ်နီးနားချင်းအိမ်) တိုက်ရိုက်သွယ်တန်းထားသော ရေပိုက်လိုင်း

☐ အများသုံး ရေပိုက်ခေါင်း

☐ ပျက်စီးနေသော အများသုံး ရေပိုက်ခေါင်း

☐ လက်နှိပ်တုံကင်များ / စက်ရေတွင်းများ

☐ အကာအကွယ်ပါသော ရေတွင်း

☐ အကာအကွယ်မပါသော ရေတွင်း

☐ အကာအကွယ်ပါသော စမ်းရေတွင်း

☐ အကာအကွယ်မပါသော စမ်းရေတွင်း

☐ ရေသန့်ဘူး၊ ရေသန့်ထုပ်များ

☐ မြေပေါ် ရေအရင်းအမြစ် (အိုင်၊ ကန်၊ ဆည်၊ မြစ်)

☐ မိုးရေခံယူခြင်း

☐ ရေသယ်ယာဥ်/ကားများ

☐ အခြား အရင်းအမြစ်များ

☐ မသိပါ / မဖြေဆိုလိုပါ

☐ အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (WS 2.1) ______________________________________________________________

---

**WS 3 - ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် ဘေးကင်း သန့်ရှင်းသော သောက်ရေ ရရှိနိုင်မှု အခြေအနေမှာ မည်သို့ ရှိပါသလဲ။**

*(အဖြေတစ်ခုသာ ရွေးပါ)*

- ○ လုံးဝ မရရှိပါ
- ○ လူနည်းစုသာ ရရှိနိုင်ပါသည်
- ○ လူဦးရေ ထက်ဝက်ခန့် ရရှိနိုင်ပါသည်
- ○ လူဦးရေ အများစု ရရှိနိုင်ပါသည်
- ○ လူတိုင်း ရရှိနိုင်ပါသည်
- ○ မသိပါ / မဖြေဆိုလိုပါ

**WS 4 - ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် အိမ်ထောင်စုများသည် သောက်ရေကို ဘေးကင်းသန့်စင်စေရန် မည်သည့် နည်းလမ်းကို အဓိက အသုံးပြုနေပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ) အဓိက အသုံးပြုသော ရေသန့်စင်နည်းကိုသာ ရွေးပါ။*

- ○ ကလိုရင်းခတ်ခြင်း
- ○ ကျိုချက်ခြင်း
- ○ ရေစစ်ခြင်း
- ○ ရေသန့်စင်မှု နည်းစနစ် မရှိပါ၊ သို့သော် လိုအပ်နေပါသည်
- ○ ရေသန့်စင်ရန် မလိုအပ်ပါ
- ○ မသိပါ / မဖြေဆိုလိုပါ

**WS 5 - ဘေးအန္တရာယ်ကြောင့် ဤ ကျေးရွာ / ရပ်ကွက် / နေရာ ရှိ အများသုံး ရေရရှိသည့်နေရာ/ရေပေးဝေရေးနေရာများသည် မည်မျှ အတိုင်းအတာထိ ပျက်စီးဆုံးရှုံးမှု သို့မဟုတ် ပြိုပျက်မှု ရှိခဲ့ပါသလဲ။**

*(အဖြေတစ်ခုသာ ရွေးပါ)*

*အများသုံး ရေရရှိသည့်နေရာ/ရေပေးဝေရေးနေရာများ ဆိုရာတွင် အများသုံး ရေပိုက်ခေါင်းများ၊ အိမ်ထောင်စု အများအပြား မျှဝေသုံးစွဲသည့် စက်ရေတွင်း သို့မဟုတ် လက်နှိပ်တုံကင်များ၊ အများသုံး ရေတွင်းများ၊ စခန်း/ခိုလှုံရာနေရာများရှိ ရေကန်များ သို့မဟုတ် ရေလှောင်အိတ်ကန်များ (Bladder tanks) နှင့် အများမျှသုံးစွဲသည့် အကာအကွယ်ပါသော စမ်းရေများ ပါဝင်ပါသည်။*

- ○ ဤအခြေချနေထိုင်ရာနေရာတွင် အများသုံး ရေပေးဝေရေးနေရာ မရှိပါ
- ○ ပျက်စီး ပြိုပျက်မှု မရှိပါ သို့မဟုတ် ပျက်စီး ပြိုပျက်မှု မရှိစလောက်
- ○ အနည်းငယ်မျှသာ၊ ၄ ပုံ ၁ ပုံ သို့မဟုတ် ၂၅ ရာခိုင်နှုန်းခန့်

o ထက်ဝက်ခန့်၊ ၄ ပုံ ၂ ပုံ သို့မဟုတ် ၅၀ ရာခိုင်နှုန်းခန့်
o အများစု၊ ၄ ပုံ ၃ ပုံ သို့မဟုတ် ၇၅ ရာခိုင်နှုန်းခန့်
o အားလုံး ပျက်စီး/ပြိုပျက်သွားပါသည်
o မသိပါ / မဖြေဆိုလိုပါ

**WS 6 - လက်ရှိတွင် လူဦးရေ၏ အချိုးအစား မည်မျှခန့်သည် မည်သည့် အိမ်သာ အမျိုးအစားကိုမျှ သုံးစွဲခွင့် မရရှိဘဲ (ဥပမာ — ကွင်းပြင်၊ ခြုံပုတ် သို့မဟုတ် အခြား လွတ်လပ်သော နေရာများတွင်) သွားနေကြရပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ)*

o လူတိုင်း အသုံးပြုခွင့်ရှိပါသည်
o လူအနည်းငယ်သာ အသုံးပြုခွင့်မရှိပါ
o လူဦးရေ ထက်ဝက်ခန့် အသုံးပြုခွင့်မရှိပါ
o လူဦးရေ အများစု အသုံးပြုခွင့်မရှိပါ
o မည်သူမျှ အိမ်သာ အသုံးပြုခွင့်မရရှိပါ
o မသိပါ / မဖြေဆိုလိုပါ

**WS 7 - ဘေးအန္တရာယ်ကြောင့် ဤ ကျေးရွာ / ရပ်ကွက် / နေရာ ရှိ အိမ်သာများသည် မည်မျှအချိုးအစားထိ ပျက်စီးမှု သို့မဟုတ် ပြိုပျက်မှု ရှိခဲ့ပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ)*

o ဤအခြေချနေထိုင်ရာနေရာတွင် အများသုံးအိမ်သာ မရှိပါ
o ပျက်စီး ပြိုပျက်မှု မရှိပါ၊ ပျက်စီး ပြိုပျက်မှု မရှိစလောက်သာ
o အနည်းငယ်မျှသာ၊ ၄ ပုံ ၁ ပုံ သို့မဟုတ် ၂၅ ရာခိုင်နှုန်းခန့်
o ထက်ဝက်ခန့်၊ ၄ ပုံ ၂ ပုံ သို့မဟုတ် ၅၀ ရာခိုင်နှုန်းခန့်
o အများစု၊ ၄ ပုံ ၃ ပုံ သို့မဟုတ် ၇၅ ရာခိုင်နှုန်းခန့်
o အားလုံး ပျက်စီး ပြိုပျက်သွားပါသည်
o မသိပါ / မဖြေဆိုလိုပါ

**WS 8 - လက်ရှိတွင် အိမ်သာများနှင့် ပတ်သက်၍ အခက်အခဲများ သို့မဟုတ် ပြဿနာများ ရှိပါသလား။ ရှိပါက အဓိက ပြဿနာများကို ဖော်ပြပေးပါ။** *(သက်ဆိုင်ရာအားလုံးကို ရွေးပါ)*

☐ ပြဿနာ မရှိပါ
☐ အိမ်သာ မလုံလောက်ပါ / သုံးစွဲရသော လူဦးရေ အလွန်များပါသည်
☐ အိမ်သာများ အလွန်ဝေးလွန်းပါသည် (သို့မဟုတ်) သွားရောက်ရန် ခက်ခဲပါသည်
☐ အိမ်သာများ အသုံးပြု၍မရပါ (သို့မဟုတ်) ကျင်းများပြည့်လျှံနေပါသည် (သို့မဟုတ်) ပျက်စီးနေပါသည်
☐ အိမ်သာများ မသန့်ရှင်းပါ (သို့မဟုတ်) ထိန်းသိမ်းမှု အားနည်းပါသည်
☐ အိမ်သာများအနီးတွင် ရေ နှင့်/သို့မဟုတ် ဆပ်ပြာ မရှိပါ
☐ အမျိုးသမီးနှင့် အမျိုးသားအတွက် သီးသန့်အိမ်သာများ လုံလောက်စွာ မရှိပါ
☐ လုံလောက်သော လုံခြုံမှု (Privacy) သို့မဟုတ် အလင်းရောင် မရှိပါ

☐ ရေကြီးခြင်း သို့မဟုတ် အခြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးများကြောင့် အိမ်သာများသို့ သွားရောက်ရန် ခက်ခဲပါသည်

☐ အိမ်သာများကို အသုံးပြုရန် သို့မဟုတ် သွားရောက်ရန် ဘေးကင်းလုံခြုံမှု မရှိပါ

☐ အချို့သော လူအုပ်စုများအနေဖြင့် အိမ်သာသုံးစွဲရန် အတားအဆီးများနှင့် ကြုံတွေ့နေရပါသည်

☐ အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (WS 8.1) ___________________________________________

☐ မသိပါ / မဖြေဆိုလိုပါ

## Health and nutrition (ကျန်းမာရေးနှင့် အာဟာရ)

**HN 1 - ဘေးအန္တရာယ် မဖြစ်ပွားမီက ဤ ကျေးရွာ / ရပ်ကွက် / နေရာ တွင်း သို့မဟုတ် အနီးနားတွင် မည်သည့် ကျန်းမာရေးဌာန/ဆေးပေးခန်းများ ပုံမှန်လည်ပတ်ပြီး ကုသမှုပေးနိုင်ခဲ့ပါသလဲ။** *(သက်ဆိုင်ရာအားလုံးကို ရွေးပါ)*

☐ ကျန်းမာရေးဌာန/ဆေးပေးခန်း လုံးဝမရှိပါ

☐ အစိုးရဆေးရုံ (တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဆေးရုံ)

☐ အစိုးရ ကျန်းမာရေး ဌာန (ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာန၊ မိခင်နှင့်ကလေး ကျန်းမာဌာန)

☐ တိုင်းရင်းသား/အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဆေးရုံနှင့် ကျန်းမာရေးဌာနများ

☐ ပုဂ္ဂလိကဆေးရုံ

☐ ပုဂ္ဂလိကဆေးခန်း (အထွေထွေရောဂါကုဆေးခန်း၊ ရောဂါရှာဖွေရေး ဆေးခန်း၊ အထူးကုဆေးခန်းများ၊ စသဖြင့်)

☐ NGO အဖွဲ့အစည်းများ၏ဆေးရုံ

☐ NGO အဖွဲ့အစည်းများ၏ဆေးခန်း

☐ ရပ်ရွာလူထုအတွင်း/တရားဝင်မဟုတ်သော ဆေးကုသပေးသူများ (ရိုးရာဆေးဆရာ၊ စေတနာ့ဝန်ထမ်း၊ စပ်ဆေးရောင်းချသူ၊ ရမ်းကုများ စသဖြင့်)

☐ ဆေးဆိုင်

☐ အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (HN 1.1) ___________________________________________

☐ မသိပါ / မဖြေဆိုလိုပါ

**HN 2 - ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် လက်ရှိတွင် ဤ ကျေးရွာ / ရပ်ကွက် / နေရာ တွင်း သို့မဟုတ် အနီးနား၌ မည်သည့် ကျန်းမာရေးဌာန/ဆေးပေးခန်းများ ပုံမှန်လည်ပတ်ပြီး ကုသမှုပေးနိုင်ဆဲ ဖြစ်ပါသလဲ။** *(သက်ဆိုင်ရာအားလုံးကို ရွေးပါ)*

☐ ကျန်းမာရေးဌာန/ဆေးပေးခန်း လုံးဝမရှိပါ

☐ အစိုးရဆေးရုံ (တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဆေးရုံ)

☐ အစိုးရ ကျန်းမာရေး ဌာန (ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာန၊ မိခင်နှင့်ကလေး ကျန်းမာဌာန)

☐ တိုင်းရင်းသား/အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဆေးရုံနှင့် ကျန်းမာရေးဌာနများ

☐ ပုဂ္ဂလိကဆေးရုံ

☐ ပုဂ္ဂလိကဆေးခန်း (အထွေထွေရောဂါကုဆေးခန်း၊ ရောဂါရှာဖွေရေး ဆေးခန်း၊ အထူးကုဆေးခန်းများ၊ စသဖြင့်)

☐ NGO အဖွဲ့အစည်းများ၏ဆေးရုံ

☐ NGO အဖွဲ့အစည်းများ၏ဆေးခန်း

☐ ရပ်ရွာလူထုအတွင်း/တရားဝင်မဟုတ်သော ဆေးကုသပေးသူများ (ရိုးရာဆေးဆရာ၊ စေတနာ့ဝန်ထမ်း၊ စပ်ဆေးရောင်းချသူ၊ ရမ်းကုများ စသဖြင့်)

☐ ဆေးဆိုင်

☐ အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (HN 2.1) ____________________________________________

☐ မသိပါ / မဖြေဆိုလိုပါ

---

**HN 3 - ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် ဤ ကျေးရွာ / ရပ်ကွက် / နေရာ ရှိ လူဦးရေ မည်မျှအချိုးအစားခန့်သည် လိုအပ်သည့်အချိန်တွင် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရယူနိုင်ခွင့် ရှိပါသလဲ။** *(အဖြေတစ်ခုသာ ရွေးပါ)*

- o မည်သူမျှ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုကို မရယူနိုင်ပါ
- o လူအနည်းငယ်သာ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရယူနိုင်ပါသည်
- o လူဦးရေ ထက်ဝက်ခန့် သာ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရယူနိုင်ပါသည်
- o လူဦးရေ အများစု လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရယူနိုင်ပါသည်
- o လိုအပ်သူတိုင်း လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရယူနိုင်ပါသည်
- o မသိပါ / မဖြေဆိုလိုပါ

**HN 4 - ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် ဤ ကျေးရွာ / ရပ်ကွက် / နေရာ တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ရယူနိုင်ခြင်းမရှိသော်လည်း မည်သည့် စောင့်ရှောက်မှုများ အရေးတကြီး လိုအပ်နေပါသလဲ။** *(သက်ဆိုင်ရာအားလုံးကို ရွေးပါ)*

☐ ကျန်းမာရေးဝန်ဆောင်မှု အရေးပေါ် လိုအပ်မှုများ မရှိပါ

☐ ဝမ်းပျက်ဝမ်းလျှောရောဂါ ကုသမှု

☐ ဒဏ်ရာများအတွက် ရှေးဦးသူနာပြုစုခြင်း / အရေးပေါ် စောင့်ရှောက်မှု

☐ ပြင်းထန်အာဟာရချို့တဲ့မှုအတွက် ကုသမှု

☐ ငှက်ဖျားရောဂါ ကာကွယ်ခြင်း သို့မဟုတ် ကုသခြင်း

☐ ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ကုသမှု

☐ ပုံမှန် ကာကွယ်ဆေးထိုးခြင်း

☐ ခွဲစိတ်ကုသမှုများ

☐ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုနှင့် ကျွမ်းကျင်သူဖြင့် သားဖွားမြင်ခြင်း

☐ မျိုးဆက်ပွားကျန်းမာရေးနှင့် လိင်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများ

☐ စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ

☐ ကလေးကျန်းမာရေးဆိုင်ရာ ဆွေးနွေးကုသမှုများ

☐ ဆီးချို၊ သွေးတိုးနှင့် ပန်းနာရင်ကြပ် စသဖြင့် မကူးစက်နိုင်သော ရောဂါများအား (NCDs) ကုသပေးမှု

☐ မသန်စွမ်းသူများ သို့မဟုတ် ဒဏ်ရာရရှိသူများအတွက် အထောက်အကူပြုပစ္စည်းများ

☐ ပိုးမွှား/မွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါ ကာကွယ်ခြင်း သို့မဟုတ် ကုသခြင်း

☐ ရုပ်အလောင်းများကို စနစ်တကျ ဘေးကင်းစွာ စီမံခန့်ခွဲခြင်း

☐ အခြား၊ ကျေးဇူးပြု၍ ဖော်ပြပါ (HN 4.1) ___________________________________________

☐ မသိပါ / မဖြေဆိုလိုပါ

---

**HN 5 - ဤ ကျေးရွာ / ရပ်ကွက် / နေရာ တွင်း သို့မဟုတ် အနီးနားရှိ လူထုအတွက် မည်သည့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုလုပ်ငန်းများ (MHPSS) ရရှိနိုင်ပါသလဲ။**

*လူထုအနေဖြင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု သို့မဟုတ် နှစ်သိမ့်ဆွေးနွေးမှုများ ရယူနိုင်သည့် နေရာများ (သက်ဆိုင်ရာအားလုံးကို ရွေးပါ)*

☐ တရားဝင် ဝန်ဆောင်မှုများ (ဥပမာ - စိတ်ကျန်းမာရေးဆေးခန်းများ၊ NGO များ၏ နှစ်သိမ့်ဆွေးနွေးမှုများ သို့မဟုတ် အရေးပေါ်ဖုန်းလိုင်းများ)

